# ဘုရားသခင်
# သင့်ကိုချစ်သည်



# ဘုရားသခင် သင့်ကိုချစ်သည်

သင့်ကို အချစ်ဆုံးသောသူကို သင်သိပါလား။ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်၊ တန်ခိုးကြီးသော ဘုရားသခင်ပင်ဖြစ် ပါသည် (ဗျာဒိတ် ၁း၈၊ ကမ္ဘာ ၁း၂၆၊ ၂၇၊ ၂း၇)။ ထာဝရဘုရားသခင်သည် သင့်ကိုချစ်သောကြောင့် သူ၏ တပါးတည်းရှိသော သားတော်ကို ကားတော်ပေါ်တွင် အသေခံခြင်းအားဖြင့် သင့်ရဲ့အပြစ်များကိုခွင့်လွှတ်ပေးခဲ့ သည် (လုကာ ၂၃း၃၄)။

ဘုရားသခင်သင့်ကို ဘာကြောင့်ချစ်သလဲဆိုတာ သင်သိပါသလား။ ဘာဖြစ်လို့လဲဆိုရင် သူ့ရဲ့ပုံသဏ္ဍာန်တော်အားဖြင့် သင့်ကိုဖန်ဆင်းထားသော ချစ်ခြင်းမေတ္တာအရှင်ဖြစ်လို့ပါဘဲ။ သင့်ရဲ့ ဝိညာဉ်ဟာ ဘယ်တော့မှ မသေ ဘဲ၊ ကမ္ဘာတခုလုံးထက် သင့်ရဲ့ဝိညာဉ်ဟာ သူ့အတွက်တန်ဖိုးရှိပါတယ် (မဿဲ ၁၆း၂၆)။



ဘုရားသခင်သင့်ကို ချစ်သော်ငြားလည်း အပြစ်ကို မုန်းတီးပြီး၊ ထိုအတွက် တရားစီရင်မှာဖြစ်သည်။ အပြစ်တ ရားသည် ဘုရားသခင်၏ နလုံးတော်ကို ပူပန်စေပါသည်။ ထိုအပြစ်က သူနှင့်သင့်ကို ခွဲခွါစေပါသည်။ တရားစီ ရင်သောနေ့၌ ယေရှုခရစ်တော် အပြစ်သားများအား `မာရ်နတ်နှင့် သူ၏တမန်တော်တို့အဖို့ ပြင်ဆင်သော ထာဝ ရမီး ထဲသို့ ငါ့ထံမှ ခွါသွားကြလော့`...... `ဖြောင့်မတ်သောသူတို့မူကား ထာဝရအသက်ရှင်ရာသို့ဝင်း သွားရကြလတံ့` ဟု မိန့်တော်မူလိမ့်မည်။

ပထမလူအာဒံ ဘုရားသခင်၏ စကားကို နားမထောင်သောကြောင့် အပြစ်၊ ကျိန်ခြင်း၊ ဖျားနာခြင်းနှင့် သေခြင်း တို့သည် ကမ္ဘာကြီးထဲသို့ ဝင်ရောက်လာခဲ့သည်။ ကျွန်ုပ်တို့အားလုံး အပြစ်သားများဖြစ်လာကြပြီး၊ ငရဲထဲမှာ ထာဝရမီးနှင့် အပြစ်စီရင်ခြင်းကိုခံရကြသည်။ သို့သော် ဘုရားသခင်သည် သူဖန်ဆင်းသော လူများကို ချစ်သော ကြောင့် ခရစ်တော်အသေသခံခြင်းအားဖြင့် လူသားများကို ပြန်လည်ရွေးနှုတ်ခဲ့သည်။ အာဒံ၏ အပြစ်နှင့် နားမ ထောင်ခြင်းကြောင့် ပျောက်ဆုံးခဲ့သည့် ကောင်းကြီး အားလုံးကို ပြန်လည်ရယူပေးခဲ့သည် (ရောမ ၅း၁-၂၁၊ ဖေက် ၁း၃-၁၄)။




ယေရှုသည် သင့်နေရာ၌ အသေခံခဲ့သောကြောင့် သင်သည် အပြစ်စီရင်ခြင်းကို မခံရတော့ပဲ၊ သင်၏ အားကိုးခြင်းအား သူ့ထံ အပ်နှံလိုက်လျှင် ကောင်းကင်နိုင်ငံ၌ ဘုရားသခင်နှင့်အတူ ထာဝရအသက်ရှင်လိမ့်မည်။ `အပြစ်တရား၏ အခပဟာ သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့ သခင်ယေခရစ်အားဖြင့် ထာဝရအသက်ပေတည်း` (ရောမ ၆း၂၃)။

ဘုရားသခင် သင့်ကို ဘယ်လောက်ချစ်သည်ကို သင်မြင်နိုင်ပါသည်။ သင့်ကို ကယ်တင်ဖို့ သူ့ရဲ့ ကောင်းကင်တ မန်တပါးပါးကို မစေလွှတ်ခဲ့ဘူး။ သင့်ကို ကယ်တင်ဖို့ရန် သူ့ရဲ့ တပါးတည်းရှိသော သားတော်ကို ဤလောကသို့ စေလွှတ်ခဲ့တယ်။ ဒါဟာ သင့်ကို ချစ်သောကြောင့်ပင်ဖြစ်ပါတယ်။ `ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရသက်ကို ရစေခြင်း

ငါ ဘုရားသခင်သည် မိမိ၌ တပါး တည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏` ယော ၃း၁၆။ မည်သို့ပင်ဖြစ်စေကာမူ ဘုရားသခင်သည် သန့်ရှင်း၊ ဖြောင့်မတ်သော ဘုရားဖြစ်ပါတယ်။ သင့်အပြစ်များ အတွက် ခရစ်တော်ရဲ့ အသေခံခြင်းကို နောင်တရပြီး၊ လက်ခံယုံကြည်



လျှင် သူသည်သင့်ကို လက်ခံပါလိမ့်မည် (ယော ၃း၃၊ ရောမ ၃း၂၄-၂၆)။ `နောင်တရ၍ ဧဝံဂေလိတရားကို ယုံကြည်လော့`(မာကု၁း၁၅)ဟု ယေရှုမိန့်တော်မူခဲ့သည်။

ဒါကြောင့် နောင်တရပြီး၊ ယေရှုခရစ်တော်တပါးတည်းသာ သင့်အပြစ်တွေအတွက် အသေခံခဲ့တာကို ယုံကြည် ပါ။ ကယ်တင်ပိုင်ရှင် သခင်အဖြစ် ယေရှုကို နှလုံးသားထဲမှာ လက်ခံပါ။ ဘုရားသခင်သည် ယေရှုခရစ်တော်၏ အသွေးတော်နှင့် သင့်အပြစ်များကို ဆေးကြောပေးပြီး၊ အပြစ်အနာအဆာမရှိအောင် ပြုပြင်ပေးပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သင့်ရဲ့အသက်တာကိုပြုပြင်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ကြားသည့်အခါ နားထောင်ဖို့ အသစ်သော နှလုံးသားကိုလည်း ပြင်ဆင်ပေးတော်မူလိမ့်မည်။ သူသည် သင့်ကိုသန့်ရှင်းစင်ကြယ်စေပြီး၊ သူ၏ချစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ဉာဏ်ပညာ၊ တန်ဖိုးနှင့် ပြည့်စေကာ သူ၏နိုင်ငံတော်အတွက် အသက်ရှင်ဖို့ သင့်ကိုလမ်းပြသွန်သင်ပေးပါလိမ့်မည်။

ချစ်သောမိတ်ဆွေ သင့်ကို ချစ်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံပါ။ နောင်တရပြီး၊ ဘုရားသခင်ထံ လှည့်ပြန်လာပါ။ သင့်၌

အသက်တချောင်းရှိသောကြောင့် ရုတ်တရက် သေဆုံးနိုင်ပါသည်။ အဘယ်အချိန်၊ ဘယ်လို သေမည်ကို သင်မသိပါ။ ဘုရားသခင်၏ ကျေးဇူးတော်ဂရုဏာထဲ၌ ထာဝရကာလအတွက် သင့်ကိုယ်သင် ပြင်ဆင်ဖို့ရန် အခွင့်အရေးပေးပါလိမ့်မည်။ ဘုရားသခင်၏ အပြစ်ခွင့် လွှတ်ခြင်းမရှိလျှင်၊ သင်သည် ငရဲမီးအိုင်ထဲသို့ ချပစ်ခြင်းကိုခံရလိမ့်မည်။ `ပိုးမသေ၊ မီးမငြိမ်းနိုင်သော မီးထဲ၌ သင့်ဂိညာဉ်ကို ချပစ်ခြင်းခံရလိမ့်မည်` (မာကု ၉း၄၇၊၄၈)။ သေပြီးနောက်မှာ အပြစ်ခွင့်လွှတ်ခြင်း မခံစားရ ေတာ့ဘဲ ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရမှာဖြစ်တယ် (ဟေဗြဲ ၉း၂၇)။ ယေရှုခရစ်သည် အသက်ရှင် ခြင်းနှင့် ရှင်ပြန်ထမြောက်သောသူဖြစ်သည်။ သူသည် သေခြင်းမှ သင့်ကို ထမြောက်စေပြီး၊ သင့်ရဲ့လုပ်ဆောင် ခဲ့သောအရာများဖြင့် သင့်ကို စီရင်လိမ့်မည်



(ယော ၁၁း၂၅၊ ၅း၂၄-၂၉)။ ယခုပင် စဉ်းစားပြီး၊ ဆုံးဖြတ်ပါ။ သေတဲ့အချိန်မှာ သင်သည် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ထာဝရကာလကို မြင်တွေ့ရမှာဖြစ်သည်။ သင်သည် အပြစ်သားတစ်ယောက်ဖြစ်ကြောင်းကို သိရှိပါ။ လာမည့် ဘုရားသခင်၏ အမျက်တော်နှင့် တရားစီရင်ခြင်းမှ လွတ်မြောက်ခြင်းကို ပေးစွမ်းနိုင်သောသူ၊ သင့်အပြစ်တွေအတွက် အသေခံခဲ့သော ကယ်တင်ရှင် သခင်ယေရှုခရစ်တော်ကို သင်လိုအပ်ပါသည်။ ရိုးသားသော နှလုံးသားနှင့် ဤဆုတောင်းချက်ကို သူ့ထံ တောင်းလျှောက်သောအားဖြင့် သင့်အပြစ်တွေကို ခွင့်လွှတ်ရန် ဘုရားသခင်ထံ တောင်းလျှောက်ကြပါစို့။

## ဆုတောင်းချက်



အဖဘုရား၊ ယေရှုခရစ်တော်ဆောင်ယူသွားခဲ့သော သေခြင်းကို ခံဖို့ရန် ထိုက်တန်သော အပြစ်သားကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်ရဲ့အပြစ်များအတွက် ဂမ်းနည်းပါ၏။ ကိုယ်တော့်ထံ ယခုတိုးဂင်ပါ၏။ ကျွန်ုပ်၏ အပြစ် များကို ဂန်ချတောင်းပန်ပြီး၊ ကျွန်ုပ်ကို ကယ်တင်ဖို့ရန် ကားတိုင်ပေါ်တွင် အသေခံပြီး၊ မြေ၌မြှုပ်နှံခြင်းကို ခံရသော်လည်း တဖန်ရှင်ပြန်ထမြောက်ခဲ့သော ကိုယ်တော်၏ တပါးတည်းသော သားတော်ကို ယုံ ကြည်လက် ခံပါ၏။ ယေရှုခရစ်၏ အသွေးတော်နှင့် ကျွန်ုပ်ကို သန့်ရှင်းစေကြယ်စေပြီး၊ ကိုယ်တော်၏ သား/သမီးဖြစ်စေ တော်မူပါ။ ကျွန်ုပ်၏ကယ်တင်ရှင်၊ ဘဂ၏ သခင်အဖြစ် ကျွန်ုပ်နလုံးသားမှာ ကျိန်ဂပ်ဖို့ရန် ယေရှုကို ဖိတ် ခေါ်ပါ ၏။ ယနေ့မှစ၍ ကိုယ်တော်အတွက် အသက်ရှင်ဖို့ရန် ကူညီမစတော်မူပါ။ ကျွန်ုပ်၏ ဂိညာဉ်ကို ကယ်တင် သောကြောင့် ကျေးဇူးတင်ပါ၏အဖ။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

အသက်ရှင်သော ဘုရား၏ သားဖြစ်ရခြင်း၏ အခွင့်အရေးတခုပါဘဲ။ ထာဂရကယ်တင်သောကြောင့် ကျေးဇူး တင်ပါသည် ယေရှု။

